# ကုသမှုအဖွဲ့

**အထွေထွေရောဂါကုဆရာဝန် (PRIMARY CARE PHYSICIAN, PCP) သို့မဟုတ် ဝန်ဆောင်မှုပံ့ပိုးသူ (လက်ထောက်ဆရာဝန် သို့မဟုတ် သူနာပြု)**

- ရောဂါလက္ခဏာများအတွက် ပထမဆုံးဆက်သွယ်ရမည့် သူ
- သားဥအိမ်ကင်ဆာဟု တွေးမိချင်မှတွေးမိပါမည်
- မည်သည့်အထူးကုမဆိုသို့ လမ်းညွှန်ပေးနိုင်မည့် "တံခါးမှူး" ဖြစ်သည်။ ဥပမာ- မီးယပ်ကင်ဆာအထူးကု
- PCP/ObGyn အထူးအကြံပြုချက်စာရင်းအတွက် လူနာ စစ်ဆေးရန် စာရင်းကိုကြည့်ပါ
- **မီးယပ်ကင်ဆာအထူးကုထံ** မဖြစ်မနေညွှန်းပေးရမည်
- ကင်ဆာကုသစဉ်နှင့် ကုသပြီးကာလများတွင် လူနာကို PCP ဆက်လက်ပြသခိုင်းရန်

**မီးယပ်နှင့် သားဖွားအထူးကု (OBSTETRICIAN-GYNECOLOGIST, OBGYN)**

- အမျိုးသမီးကျန်းမာရေးကို အထူးပြုထားသူ
- ရောဂါလက္ခဏာများအတွက် ပထမဆုံးဆက်သွယ်ရမည့် သူဖြစ်နိုင်သည်
- သားဥအိမ်ကင်ဆာဟုတွက်မိလောက်သည်
- မည်သည့်အထူးကုမဆိုသို့ လမ်းညွှန်ပေးနိုင်မည့် "တံခါးမှူး" ဖြစ်သည်။ ဥပမာ- မီးယပ်ကင်ဆာအထူးကု
- PCP/ObGyn အထူးအကြံပြုချက်စာရင်းအတွက် လူနာ စစ်ဆေးရန် စာရင်းကိုကြည့်ပါ
- **မီးယပ်ကင်ဆာအထူးကုထံ** မဖြစ်မနေညွှန်းပေးရမည်
- Ob/Gyn ကင်ဆာကုသစဉ်နှင့် ကုသပြီးကာလများတွင် လူနာကို အထွေထွေရောဂါကုဆရာဝန်နှင့်အတူ ဆက်လက်ပြသခိုင်းရန်

**မီးယပ်ကင်ဆာအထူးကု (GYNECOLOGIC ONCOLOGIST, GYO)**

- သားဥအိမ်ကင်ဆာအပါအဝင် မီးယပ်ကင်ဆာလူနာများအတွက် "ရွှေစံနှုန်း" ရှိ သမားတော်ဖြစ်သည်
- GYO အထူးအကြံပြုချက်စာရင်းအတွက် လူနာ စစ်ဆေးရန် စာရင်းကိုကြည့်ပါ

**ဓာတ်ရောင်ခြည်အထူးကုနှင့် ကင်ဆာအထူးကု**

- ကင်ဆာကိုသတ်ရန်အတွက် ဓာတ်ရောင်ခြည် သို့မဟုတ် အခြားစွမ်းအင်ပုံစံတစ်မျိုးမျိုးဖြင့် ကုထုံးခံယူမည့် လူနာများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ဖော်ဆောင်ခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းတွင် အထူးပြုထားသော သမားတော်

**ရောဂါဗေဒပညာရှင်**

- ကိုယ်တွင်းအင်္ဂါများ သို့မဟုတ် တစ်ရှူးများအား စစ်ဆေးချက်အပေါ် အခြေခံ၍ ရောဂါ (ကင်ဆာ) ရှာဖွေစစ်ဆေးမှုတွင် အထူးပြုထားသည့် သမားတော်

**သမားတော်လက်ထောက် (PHYSICIAN ASSISTANT, PA) သို့မဟုတ် သူနာပြု (NURSE PRACTITIONER, NP)**

- သမားတော်တစ်ဦးနှင့် တွဲဖက်လုပ်ဆောင်သည့် ကွဲပြားခြားနားသော လက်တွေ့နယ်ပယ်ရှိ လိုင်စင်ရ ကျွမ်းကျင်ပညာရှင်
- ဆေးညွှန်းသတ်မှတ်ပေးနိုင်စွမ်းသည် ၎င်းတို့တာဝန်ယူထားသည့် အခန်းကဏ္ဍနှင့် ပြည်နယ်အလိုက် ကွဲပြားသည်

**ဂုဏ်ထူးဆောင်ဆရာဝန်**

- ဆေးကျောင်းမှ ဘွဲ့ရပြီးနောက် အစီအစဉ်အပေါ်မူတည်၍ 2 နှစ် - 4 နှစ်အထိ ကြာမြင့်မည့် သင်တန်းပေးလေ့ကျင့်မှုအစီအစဉ်တွင် တက်ရောက်ခါ ကင်ဆာကို အထူးပြုလေ့လာသွားရန် ဆန္ဒရှိသူ
- ဝါရင့်သမားတော်၏ညွှန်ကြားချက်အရ လုပ်ဆောင်နေသူ
- သမားတော်ငယ်များကို ကြီးကြပ်ပေးနေသူ

**ဌာနေဆရာဝန်**

- ဆေးကျောင်းမှ ဘွဲ့ရပြီးနောက် အစီအစဉ်နှင့် အထူးပြုဘာသာရပ်အပေါ် မူတည်၍ 1 နှစ် - 5 နှစ်အထိ ကြာမြင့်သည့် သင်တန်းပေးလေ့ကျင့်မှု အစီအစဉ်တွင် တက်ရောက်ထားသူ
- ပိုမိုဝါရင့်သည့် ဌာနေဆရာဝန်များနှင့် သမားတော်များ၏ ကြီးကြပ်မှုအောက်တွင် လုပ်ကိုင်သည်

**လက်မှတ်ရ သူနာပြု (OCN, RN)**

- ကင်ဆာရောဂါအသိအမှတ်ပြုလက်မှတ်ရထားပြီး သမားတော်နှင့် အတူ လုပ်ဆောင်သည့် သူနာပြု
- ကင်ဆာအထူးပြုကုသမှုကဲ့သို့ပင် အသိအမှတ်ပြုလက်မှတ်ကို ဆယ်နှစ်တစ်ခါပြန်လည်ရယူထားသူ

**ဆေးစပ်သူ (PHARMD, BCOP)**

- ဆေးစပ်ပညာဆိုင်ရာ ပါရဂူဘွဲ့ရရှိထားပြီး ဘုတ်အဖွဲ့က အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် ဆေးဝါးကျွမ်းကျင်
- ကင်ဆာဆေးဝါးပိုင်းဆိုင်ရာ သင်တန်းပေးလေ့ကျင့်မှုကို 2 နှစ် - 4 နှစ်အထိတက်ရောက်ထားသူ
- ကင်ဆာအထူးပြုကုသမှုကဲ့သို့ပင် အသိအမှတ်ပြုလက်မှတ်ကို ဆယ်နှစ်တစ်ခါပြန်လည်ရယူထားသူ

**လူမှုဝန်ထမ်း (OSW-C)**

- မာစတာဘွဲ့ရထားသည့် ကျွမ်းကျင်ပညာရှင်ဖြစ်ပြီး ကင်ဆာ၊ တစ်ပွဲတိုးကုထုံး နှင့်/သို့မဟုတ် နောက်ဆုံးထွက်သက်ကာလများကို အထူးဝန်ဆောင်မှုပေးသူ